the voice of spring

9.7.2021 · Friday · No . 75 · Daily News Pamphlet

## နော်ဝေအခြေစိုက် တယ်လီနော-မြန်မာကုမ္ပဏီကို ဒေါ်လာ(၁၀၅)သန်းဖြင့် ရောင်းချ၍ မြန်မာမှထွက်ခွာ

သတင်းတို

ရင်းမြစ် - ဧရာဝတီ မှ

## မင်းအောင်လှိုင်၏ စစ်သားနှင့်ရဲတို့၏ သတ်ဖြတ်မှုများကို ICC က အရေးယူစေလိုဟု နစ်နာသူများကပြော

သတင်းတို

ရင်းမြစ် - RFA မှ

## တတိယလှိုင်းအဖြစ် ပြန်လည်ကူးစက်ပြန့်ပွားမှုမြင့်မားလာသည့် Covid-19 ကပ်ရောဂါကို တနိုင်ငံလုံး အရေးပေါ်အခြေအနေတရပ်အနေဖြင့် ထိရောက်စွာတုန့်ပြန်ပြီး လူတိုင်းတန်းတူညီမျှစွာ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်စေရန် Covid-19 ကာကွယ်၊ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့်ကော်မရှင်ကို NUG အစိုးရမှ ဖွဲ့စည်းလိုက်ကြောင်းသိရ

သတင်းတို

ရင်းမြစ် - NUG မှ

## ဖမ်းဆီးဖိနှိပ်မှုများကြားက ပြောက်ကျားသပိတ်စစ်ကြောင်းများကို နေ့စဥ်မပြတ် ပြုလုပ်ခဲ့ကြ








ဂျူလိုင်လ(၈)ရက်၊ နေ့စဥ်မပြတ် အင်ပြည့်အားပြည့် ချီတက်ပြုလုပ်ခဲ့ကြသည့် မန္တလေးတပ်ပေါင်းစုနှင့် မန္တလေးလူငယ်သပိတ်စစ်ကြောင်းတို့ကို အသီးသီးတွေ့မြင်ရစဥ် -(ဓါတ်ပုံ - CJ )

## စစ်အုပ်စု၏ ဝင်ငွေရင်းမြစ်များကို ဖြတ်တောက်ပစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရနှင့် လက်တွဲ၍ မြန်မာပြည်သူများကို လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ရန် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး စုံစမ်းရေးအရာရှိက ကုလလူ့အခွင့်အရေးကောင်စီတွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာဆွေးနွေးပွဲတွင် တိုက်တွန်းပြောကြားခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် - PVTV မှ

## စစ်အုပ်စု၏ စစ်ကြောရေး၌ သေဆုံးသူ(၃၀)ခန့်ရှိလာပြီး နောက်ဆုံးသေဆုံးသူ(၂)ဦးမှာ ရပ်အလောင်းပင် ပြန်မရ

သတင်းတို

ရင်းမြစ် - RFA မှ

## မြန်မာပြည်သူများကို ကူညီနိုင်ရေး နိုင်ငံတကာညွှန့်ပေါင်းအဖွဲ့ကို ဖွဲ့စည်းရန် ကုလအထူးကိုယ်စားလှယ်တိုက်တွန်း

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

## (၁၂)နှစ်သားကလေးငယ်တဦးအပါအဝင် (၇)ဦးကို စဥ့်ကိုင်မြို့ အုန်းပင်ခြံရွာ၌ စစ်အုပ်စုက ဂျူလိုင်(၆)ရက်တွင် အကြောင်းမဲ့ ဝင်ရောက်ဖမ်းဆီးခဲ့

သတင်းတို

ရင်းမြစ် - မြန်မာနောင်း မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

**ဖေဖော်ဝါရီ(၁)ရက်မှ ဂျူလိုင်(၈)ရက်အထိ**

ကျဆုံးသူဦးရေ - ၈၉၈ ဦး

အဖမ်းဆီးခံရသူဦးရေ- ၆၅၆၃ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၆၃ ဦး

ရင်းမြစ် - အေအေပီပီမှ

the voice of spring
9.7.2021 · Friday · No . 75 · Daily News Pamphlet

## အရေးတော်ပုံ မုချ အောင်ရမည်

# သတင်းမှတ်စု

ဂျူလိုင်(၈)ရက်၊ ၂၀၂၁

- စစ်အုပ်စု အာဏာသိမ်းပြီးနောက် Google က တကိုယ်ရည် ပုဂ္ဂလိကအသုံးပြုမှုကလွဲ၍ မြန်မာနိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းနှင့် ပညာရေးကဏ္ဍတို့တွင် Google Service အသုံးပြုခွင့်ကို ကျူးဘား၊ မြောက်ကိုရီးယား၊ အီရန်၊ ဆီးရီးယား၊ ခရိုင်းမီးယားစသည့် နိုင်ငံများကဲ့သို့ ရပ်ဆိုင်းကန့်သတ်ခဲ့ဟုသိရ။
- နော်ဝေအခြေစိုက် တယ်လီနော ဆက်










သွယ်ရေးလုပ်ငန်းက မြန်မာပြည်ရှိ လုပ်ငန်းများကို လက်ဘနွန်အခြေစိုက် M1 Group သို့ အမေရိကန်ဒေါ်လာ ၁၀၅ သန်းဖြင့် ရောင်းချလိုက်ပြီ ဖြစ်ပြီး အဆိုပါ M1 Group သည် စစ်တပ်ပိုင် Mytel ကုမ္ပဏီအတွက် တာဝါတိုင်များ ဆောက်လုပ်ပေးခဲ့သည့် Irrawaddy Green Tower–IGT ကုမ္ပဏီ၏ ရှယ်ယာအများစုကိုလည်း ပိုင်ဆိုင်ထားသည့် ကုမ္ပဏီ ဖြစ်ဟုသိရ။
- ကမ္ဘာကျော် ကားတာယာ ထုတ်လုပ်ရေးကုမ္ပဏီ BRIDGESTONE ကလည်း မြန်မာပြည်တွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဂျူလိုင်လကုန်မှစ၍ ရပ်ဆိုင်းမည်ဟု သိရ။
- စစ်အုပ်ချုပ်ရေး ကြေညာ ခံထားရသည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ အင်းစိန်၊ ဒဂုံ... တောင်ဥက္ကလာ၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ အင်းစိန်၊ မင်္ဂလာတောင်ညွန့်၊ ဗဟန်းနှင့် မရမ်းကုန်းမြို့နယ်တို့ကို Stay at Home မြို့နယ်များအဖြစ် စစ်အုပ်စုက ကြေညာခဲ့။
- မြဝတီမြို့နယ်၌ ကိုဗစ်ကူးစက်သူ (၅၅၀) ကျော်ရှိကာ ကိုဗစ်စင်တာ၌ ကုသမှုပေးမှုများ ရှိသော်လည်း စားစရိတ်အဖြစ် တရက်လျှင် (၁၅၀၀၀)ကျပ်နှင့် ကိုဗစ်စစ်ဆေးခ နှစ်ကြိမ်အတွက် (၂၀၀၀၀)ကျပ်စီ ကောက်ခံလျက်ရှိဟုသိရ။
- ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၅) ရပ်ကွက်၊ ဖေဒါ (၂) လမ်းရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူး ခင်မောင်သန်း၏ အိမ်အတွင်းသို့ လူငယ်နှစ်ဦးက ပစ္စတိုသေနတ်နှင့် ပစ်ခတ်ခဲ့ရာ ရပ်ကွက်အတွင်း အရပ်ဝတ်ဖြင့် ကင်း

လှည့်နေသည့် ရဲတပ်ကြပ် မျိုးမြင့်၊ ရဲတပ်သားပြည့်ဖြိုးဝေ၊ ရာအိမ်မှူးတို့ ရောက်လာပြီး အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အုပ်ချုပ်ရေးမှူး ခင်မောင်သန်းနှင့် ရဲတပ်သား ပြည့်ဖြိုးဝေတို့ ဒဏ်ရာရရှိခဲ့ကာ လာရောက်ပစ်ခတ်သူနှစ်ဦးအနက် တဦးကို ဖမ်းဆီးမိပြီး တဦး လွတ်မြောက်ခဲ့ဟုသိရ။
- ရန်ကုန်မြို့၊ အနော်ရထာလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ယာခင် အတွင်းဝန်ရုံးနေရာ၌ နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ဟုသိရ။
- စစ်ကျွန် လူကယ်ပြန်ဝန်ကြီး ဒေါ်သက်သက်ခိုင်၏ လမ်းမတော်မြို့နယ်ရှိ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်၌ နေ့လယ် (၁:၄၅)ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အရောင်းဝန်ထမ်းတဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ဟုသိရ။
- တောင်ငူမြို့နယ်၊ နဂါးမောက်ကျေးရွာအုပ်စု ကျောက်ပုထိုးကျေးရွာမှ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ကို ဂျူလိုင်လ (၆)ရက် ည(၈)နာရီခန့်က ၎င်း၏ နေအိမ်သို့ အမည်မသိသူ သုံးဦး ဝင်ရောက်ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ဟုသိရ။
- ရေဦးမြို့၊ မကြီးတောလမ်းထိပ် ကြာပန်းအဝိုင်းအနီးတွင် ဂျူလိုင်(၇)ရက်၊ ည(၁၀)နာရီခွဲခန့်က ကင်းလှည့်လာသည့် စစ်အုပ်စု အိမ်စီးကား မိုင်းဆွဲတိုက်ခိုက်ခံရပြီး ကားပျက်သွားချိန်၌ အမည်မသိသူ ငါးဦးက တူမီးသေနတ်များနှင့် ဝင်ရောက် ပစ်ခတ်သဖြင့် စစ်ကျွန်ရဲတပ်သား မျိုးဇော် သေဆုံးကာ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ဟုသိရ။
- မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ ကိုရံ(တောင်)ကျေးရွာအုပ်စုရှိ စစ်ကျွန် အုပ်ချုပ်ရေးမှူး ဦးဖိုးကောင်းမှာ ဂျူလိုင်(၇)ရက်၊ ညနေ(၄)နာရီခန့်က ဂျင်ကလိနှင့် အပစ်ခံရ။
- မြစ်ကြီးနား-ဝိုင်းမော် ဆက်သွယ်ထားသည့် ဗလမင်းထင်တံတား၌ ဂျူလိုင်(၇)ရက်၊ ညနေ(၅)နာရီက ဝိုင်းမော်မှ မောင်းနှင်လာသည့် ကားတစီးကို စစ်အုပ်စုက ပစ်ခတ်ခဲ့ရာ ကားကို မထိမှန်ဘဲ တံတား အနီးတိုးဂိတ်တွင် ဈေးရောင်းနေသည့် မိုင်း နား၊ မခေါယာန်ရွာမှ မမီးမှာ ကျည်ဆံ ထိမှန်ပြီး သေ ဆုံးခဲ့ဟုသိရ။
- မန္တလေး၊ ချမ်းမြသာစည်၊ တပ်ပေါင်းစု သပိတ်၊ မန်းအခြေစိုက် တကသ၊ မန္တလာ တက္ကသိုလ် စစ်ကြောင်း၊ မြတောင်၊ အောင်ပင်လယ်၊ သံဃသမဂ္ဂ။ မြင်းခြံ။ ဘုတလင်။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်း စုံနှင့် ယင်းမာပင်၊ လက်ပံတောင်းတောင် ကျေးရွာများ။ အရာတော်။ ဒီပဲယင်းမြို့။ ကလေးမြို့။ မကွေး-နတ်မောက်၊ ဂန့်ဂေါ။ တန့်ဆည်။ မြိုင်။ ရေဖြူ။ ကံပေါက်။ ပြည်။ ပုသိမ်မြို့။ သရက်ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ ကချင်၊ ဖားကန့် မြို့ လုံးခင်းအုပ်စု၊ တာမခန် နမ္မတီးမြို့ စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက် ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။

### ကိုဗစ်နှင့်စစ်

ဖက်ဆစ်တပ်ကို ရန်ပြု
ကိုဗစ်ကိုလည်း အန်တု
ဒင်းတို့ နှစ်ခုပြိုင်မျှ
ငါတို့ နေလို့ မဖြစ်ဘူး။

ခေတ်ကရိုင်းပြီး
သမိုင်းမရိုင်းဖို့
ရန်သူက သေခိုင်းနေရင်
ရှင်သောသူ ဖြစ်စေရမယ်။

ဒါ...
ရရာနဲ့ခုခံ
လူသားရဲ့စံနဲ့
တော်လှန်မှုပြခြင်းပါပဲ။

ကိုဗစ်ကိုလည်း အရရှောင်
အရေးတော်ပုံလည်း
အောင်ကိုအောင်ရမယ်။

**လကျာ်ဇ**

ရင်းမြစ် - မဇ္ဈိမ

